ထုပ်ကို ပေးလို့ ဆုံးရှုံးတာတွေရော မရှိဘူးလားဟဲ့။ အေး ဟေး အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာ။ ကြောက်စရာ မကောင်းဘူးလား။ အဲဒါ သုရာမေရယက် နော်။

ဒါကြောင့် ငါးပါးသီလကို အဓိပ္ပာယ် နားလည်ဖို့ လိုတယ်။ အသက်တိုတဲ့ ပုဂ္ဂိုလ်၊ အနာတည် တဲ့ ပုဂ္ဂိုလ် ရောဂါတွေ အမျိုးမျိုးဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ပါဏာတိပါတကံ။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာ။ စားဝတ်နေရေး မပြေတာ သူများ ဉစ္စာတွေကို သူများ စားမည့်ဟာတွေကို ခိုးခဲ့တာ။ ဝတ်မည့်ဟာကို ခိုးခဲ့တာ နော်။ ငရဲကလည်း ကျ၊ ငရဲက လွတ်ဦးတော့… အငတ် ပြဿနာနဲ့ ရင်ဆိုင်ရတယ် အဒိန္နာကံ။

တခါ ကာမေသု မိစ္ဆာစာရကံ သူများ လင်သားမယားကို စော်ကားတဲ့ ပုဂ္ဂိုလ်တွေ သေတဲ့အခါ အပါယ်ကို ကျ၊ ငရဲကို အား ရအောင်ခံ၊ ငရဲသက်စေ့ပြီးတော့ လူ့အဖြစ်ကို ရတယ်ထား လူချင်းတူရဲ့လား ဣတ္ထိလိင် ပုလ္လိင်။ မှသားကို အမျိုးမျိုး မသုံးကြဘူးလား။ မုသာဝါဒကံ ထိုက်တော့ အပါယ် မကျလား။ အပါယ်က ငရဲသက်စေ့၊ လူ့အဖြစ်ကို ရတယ်ထား။ စားဝတ် နေရေးနဲ့ပတ်သက်လို့ ငွေကြေးကိစ္စ၊ ဆန်စပါးကိစ္စ ချေးလို့ ငှားလို့ လွယ်ကူစွာ ရရဲ့လား။ ဘယ်သူမှ အယုံ အကြည် မရှိဘူးနော်။ အယုံအကြည် မရှိရင် စားဝတ်နေရေး ပြေပါ့မလား ပြေဘူး။ အဲလို စိစစ်ဖို့ မကောင်းလား။ သုရာမေရယကံ ကျူးကျော် စော်ကားတော့ ရူးတာ လူဖြစ်တော့ လူရူး၊ ခွေးဖြစ်တော့ ခွေးရူး၊ ဝက်ဖြစ်တော့ ဝက်ရူးပေါ့။ အဲဒီ ငါးပါးသီလ အကျိုး အပြစ်ကို သိဖို့ လိုတယ် ကြားလား။

ဒါကြောင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂ သမ္မာဒိဋ္ဌိ ၊ဖိုလ် သမ္မာဒိဋ္ဌိ မြတ်စွာဘုရား ဟောတယ်နော်။ အဲဒီကံတွေ နားလည်ဖို့ လိုတယ်။ ငါးပါးသီလကို နားမလည်ကြလို့ ခက်တယ်ကွဲ့။

<u>မဟာပါလရွာ-ဥပမာပြ။</u>

ငါးပါးသီလသာ နားလည်မယ် ဆိုရင်--- မြတ်စွာဘုရား ရှိစဉ်က တောင်ကျွန်းမှာ မဟာပါလ ရွာ။ မဟာပါလ ရွာမှာ သားက စူဠပါလ။ တက္ကသိုလ် တိုင်းပြည် ကျောင်းထားတာ။ တစ်ကျောင်းလုံး ပညာ အချွန်ဆုံး၊ စာရိတ္တ အကောင်းဆုံး စူဠပါလ။ ဒိသာပါမောက္ခ ဆရာကြီး ကိစ္စ အဝဝတွေ သွားစရာ လာစရာ ရှိတဲ့အခါ သူပဲ ဝင်ပြီးတော့ စာပြရတယ်။ နေမကောင်း တဲ့ အခါ သူ့နေရာ ဝင်ရတယ်။

အဲတော့ စူဠပါလ တစ်နေ့သ၌ တက္ကသိုလ် ဆရာကြီး ဒိသာပါမောက္ခ ဆရာကြီးရဲ့သား ကျောင်းသားကြီး အသက် အစိတ် အရွယ် သေဆုံးသွားတယ်။ ကဲ သူ့ကိစ္စ၊ ဈာပနကိစ္စ လာကြ ဆောင်ရွက်ကြတယ်၊ သဂြိုဟ်ကြတယ်။ စူဠပါလက ဩော် ငယ်ငယ် ရွယ်ရွယ်နဲ့ ဘယ်လိုများ သေပါလိမ့်မလဲ ၊ ငယ်ငယ် ရွယ်ရွယ်နဲ့ ဘယ်လိုများ သေပါလိမ့်မလဲ ။ စုဒ်ထိုးပြီး တော့ နေတော့။ အင်း-မင်းတို့ရွာမှာ ဒီလို အသေအပျောက်တွေ မရှိဘူးလားလို့ မေးကြ တယ်။ အသေအပျောက် တော့ ရှိတယ် အသက် တစ်ရာပြည့်မှ သေတာတဲ့ တစ်ရာ မပြည့် မသေကောင်း ဘူး တဲ့။ အဲဒါ စကားက-ထူးနေတာပေ့ါ၊

အဲဒီစကားကို ဒိသာပါမောက္ခဆရာကြီး နားကို ရောက်သွား၊ ဆရာကြီးက သူ့ကို အယုံကြည် ဆုံး၊ ဒီနေရာ ကျတော့ မယုံ တဝက် ယုံတဝက်။ ငါ့ တပည့်တဲ့ မင်းတို့ရွာမှာ အဲလို ငယ်ငယ် ရွယ်ရွယ်နဲ့ သေတဲ့ပုဂ္ဂိုလ် မရှိဘူး ဆိုတာ ဟုတ်သလား။ ဟုတ်တယ် ဆရာကြီးရယ် သေပင် သေငြားသော် လည်း အသက် တစ်ရာပြည့်မှ သေတာတဲ့၊ တစ်ရာ မပြည့် မသေ ကောင်းဘူး တဲ့။ မယုံကြည်တာနဲ့ ဆိတ်ရိုးကို သပ်သပ် ရပ်ရပ် စက္ကူနဲ့ထုပ် လွယ်အိတ်ထဲ ထည့်၊ မိုင် ရှစ်ဆယ်။ ဝေးတယ်၊ သုံးညအိပ် လေးရက်၊ အသွားအပြန် ရှစ်ရက်ကြာမယ်။ ငါ့တပည့် ဆရာ ခရီးသွားစရာ ရှိတယ်၊ ငါ့နေရာမှာ မပျက်မကွက် စာပြနှင့်ရမယ် စိတ်ချပါ ဆရာကြီး။

အဲ သူ့ရွာ ရောက်တဲ့ အခါ ဥပါသကာ တစ်ယောက်ကို ခေါ်၊ မဟာပါလအိမ်ကို ပြစမ်းပါ၊ မဟာပါလအိမ်ကို ရောက်သွားပြီ၊ မိတ်ဆွေ ဘယ်အရပ်က လဲ၊ အသင့်သား စူဠပါလရဲ့ ဆရာကြီး ဒိသာပါမောက္ခ ဆိုတာ ငါပေ့ါ--၊ ဆရာကြီးလား၊ ဟုတ်ပါတယ်၊ ကိစ္စ၊ စားသုံးပြီး ကာမှ ပြောပါရစေ၊ ရောက်မဆိုက် ထမင်းပြင် ကျွေးလိုက်တယ်၊ ကျွေးတော့ကာ ဆိတ်ရိုး လွယ်အိတ်ထဲက ထုတ်၊ အသင့်သားဟာ လတ်တလော ရောင်တခင် သေဆုံးသွားတယ်၊ ခရီးဝေးတော့ အကြောင်း မကြား အားတော့ဘူး၊ ခရီးဝေးလို့ သူ့ကို သဂြိုဟ်ပြီးတော့မှ အရိုးကို လူကြုံပါးလို့လည်း မတော်။ ဆရာ ကိုယ်တိုင် လာပို့တာလို့၊ အသင့်သားရဲ့ အရိုးလို့ ချပေးတာ၊ လင်မယား နှစ်ယောက် ရယ်တယ်တဲ့ ဗျား၊ ရယ်တယ်တဲ့။ ဘယ်လို ကြောင့် ရယ်တာလဲ ငါတို့သားရဲ့ အရိုး မဟုတ်ဘူးတဲ့၊ ခွေးရိုးဖြစ်မယ် ဆိတ်ရိုးဖြစ်မယ်တဲ့၊ ဘာဖြစ်လို့လဲ ၊ငါတို့ သား ဒီအရွယ်မှာ မသေကောင်းဘူး။ သား ပြောတာနဲ့ မိဘ ပြောတာ တထပ်တည်း ကျ သွားတာ။

ဒီလိုဆိုတော့ ဘုရားဟောနဲ့မကိုက်ဘူး ဒိသာပါမောက္ခဆရာကြီးက။ ကဲ ဘုရားက ဘယ်လို ဟော သလဲ ပြောစမ်းပါ တဲ့ ။မဟာပါလက-မေးတယ်။ သဗ္ဗေ သင်္ခါရာ အနိစ္စာလို့ မြတ်စွာဘုရား ဟော

တယ် တဲ့။ ဒါတော့ သဗ္ဗေ သင်္ခါရာ အနိစ္စာ လို့ ဟောတာ မှန်လိုက် တာတဲ့ ။ ဘုရားဟောတာ မဟာပါလက ထောက်ခံတယ် မှန်တယ်တဲ့။ အဲဒါ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဆိုတာ အကုသိုလ်နဲ့ ပတ်သက်တာ အပုညာဘိသင်္ခါရ ငါတို့ မလုပ်ဘူးတဲ့။ ကဲ အကုသိုလ်ကြောင့် ဆင်းရဲတာ မဟုတ်လား၊ ငါ ဒီအလုပ်ကို မလုပ်ဘူးတဲ့။ ပုညာဘိသင်္ခါရ လုပ်တယ်တဲ့၊ ဒါနကုသိုလ် သီလကုသိုလ် လုပ်တယ်တဲ့၊ အဲဒါ ပါဏာတိပါတာအစ သုရာမေရယ အဆုံးကို ရှောင်ကြဉ်တယ်တဲ့၊ အဲဒါကို ကျူးလွန်တဲ့ ပုဂ္ဂိုလ်တွေဟာ လသားမှာလည်း  သေတယ်တဲ့။ မွေးမွေးချင်းလည်း သေတယ်တဲ့။ ဟောကျောင်းသား အရွယ်လည်း သေတယ်တဲ့ ၊အဲဒါ သင်္ခါရအလုပ်၊ အပုညာဘိသင်္ခါရ ငါတို့ မလုပ်ဘူးတဲ့၊ ကဲ  ဘုရားဟောက မှန်တယ်တဲ့ ထောက်ခံတယ်။

ကဲ လာ လာ လူတို့လုပ်စာကျင်း  လယ်ယာ ကိုင်းကျွန်း လုပ်တဲ့ဆီကို ခေါ်သွားတယ်။ တချို့ အပင်ကလည်း တစ်ထွာရှိပြီ၊ တချို့က တစ်မိုက်ရှိပြီ၊ တချို့က နှစ်သစ် သုံးသစ်၊ တချို့က ကြိတုန်း၊ ထွန်ကြဲ ပြီးတော့ ကျွဲတွေ  နွား တွေ ကို လွှတ်ပစ်လိုက်တာ။ ကျွဲကျောင်း၊ နွားကျောင်း မရှိဘူး၊ ကျွဲနွားတွေက လူလုပ် စားပင် မစားဘူး၊ ကျွဲနွားတော့ ထားဦးတော့ ။ ကောင်းကင် ပျံတဲ့ ကျီးငှက်တိရစ္ဆာန်လည်း  လူလုပ်စားပင် မစားဘူး။ အလေ့ ပေါက်တာ တွေပဲ စားတယ်၊ ဒီတိုင်း ခြံ မရှိဘူး။ ကြားလား၊ သူ့အကွက် ကိုယ့်အကွက်လေးတွေ သညာနဲ့သာ အမှတ်အသား ထားတာ၊ အဲဒါ ကတညုတ ကတဝေဒီတဲ့၊ မေတ္တာသဒ္ဒေါ အနန္တော တဲ့၊ ဘယ်လောက်များ အားရစရာ ကောင်းသလဲ၊ ကြည့်တဲ့ ဒါ မစားဘူး၊ ကျားတွေ သစ်တွေ ရှိတယ်တဲ့ ကျုပ်တို့မွေးထားတဲ့ ကျွဲနွားတွေ မကိုက်ဘူး တဲ့။ အဲ ငါးပါးသီလ တန်ခိုး ဘယ်လောက်များ အားကောင်းလိုက်သလဲနော်။ အဲဒါ မဟာပါလရွာ။

မြောက်ကျွန်း ဆိုတာတော့ကာ လူတကာ သိပြီးသား။ အသက် တစ်ထောင် ပြည့်မှ သေတာ။ မြောက်ကျွန်း- မြောက်ကျွန်း ။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ အသက် တစ်ထောင်ပြည့်မှ သေတာဗျား။ အဲဒါ ငါးပါးသီလ။ မြောက်ကျွန်းမှာ ဆေးဆရာ မရှိ၊ဗေဒင်ဆရာ မရှိ။ မြောက်ကျွန်းမှာ ကြားလား၊ ကုန်သည် မရှိ။ စဉ်းစားကြ၊ အစိုးရ မရှိ-အစိုးရလည်း မရှိဘူး။ ဆေးဆရာလည်း မရှိဘူး၊ ဗေဒင်ဆရာလည်း မရှိဘူး၊ တောင်သူ လုပ်တဲ့လူလည်း မရှိဘူး၊ အချိန်တန်မှ ပဒေသာပင် ဆွတ်စားတာ၊ သီလများ တယ်အဖိုးတန်တာကွာ အားရပါးရပေါ့။ ဟင် စဉ်းစားဖို့ မကောင်းလား။

မြတ်စွာဘုရား ရှိစဉ်က ဇောတိက သူဌေးတို့၊ အတုလကာရီတို့။ သူဌေး သူဌေး။ ဘွဲ့ရပြီးသား သူဌေး၊ ရှင်ဘုရင်နဲ့ သူဌေးဟာ လင်မယားလို၊ ရှင်ဘုရင် အလိုရှိတာကို သူဌေးက အကုန်လုံး

ကူညီထောက်ပံ့တယ် ၊ သူဌေးကလည်း ဇိမ်ကျ ကျနေရတယ်၊ ရှင်ဘုရင်က အစောင့်တွေ ထားတာ ကြားလား၊ ရှင်ဘုရင်က အကုန်လုံး အစောင့်တွေ ထားပေးတာ၊ ရှင်ဘုရင် လိုတာ လည်း သူဌေးက ကူညီတယ်၊ အတုလကာရီနဲ့ ဇောတိကသူဌေး သူတို့ ပစ္စည်းကို ဘယ်သူမှ မခိုးနိုင်ဘူး ၊ ဘယ်မင်းမှ မသိမ်းနိုင်ဘူးဗျား။ ငါးပါးသီလနဲ့ ပြည့်စုံတာနော်။ ယုံကြည်ဖို့ မကောင်းဘူးလား။

ခုဟာ ဟိုဟာလေး အလိမ်ခံရတာ တမျိုး၊ ဒီဟာလေးကို မိမိက အခိုးခံရတာက တမျိုး။ အဲဒါ ကိုယ်က အဆက်ဆက်က ခိုးခဲ့တော့ ကိုယ့်အလှည့် ဘယ်လွတ်မလဲ၊ လွတ်ပါ့မလား ကိုယ်က လိမ်ခဲ့တော့ ကိုယ့်အလှည့် လွတ်ပါ့မလား။ အကြောင်း ရှိတော့ အကျိုးတရားတွေ ပေါ်တာဗျား။ ကြားဖူးတော့ နားဝ၊ နားဝတော့ တရားရတယ်။ ဟင် ကဲ အလှူ မင်္ဂလာ လိုက်ကြစို့၊ မင်္ဂလာဆောင် က ဖိတ်ထားတာ ကိုယ်က ရင်းနှီးတယ်၊ ဖိနပ်က ဒီက အကောင်းစား သုံးထောင်တန် ဝယ်သွား တာ၊ ဟိုရောက်တော့ မရှိပြီ ခိုးသွားတော့တာ၊ ဟေး ငါ့ဖိနပ် ဘယ်သူများ ခိုးလဲဟ။ ဩော် ဟိုမေး သည်မေး ဖိနပ် ဖိနပ်ပျောက်တယ်၊ ဖိနပ်ခိုး ခံရတယ်၊ ဖိနပ်ပျောက်တယ်လို့ မပြောဘူးလား ပြော တော့ တရားမသိတဲ့ ပုဂ္ဂိုလ်က၊ တရားသိတဲ့ ပုဂ္ဂိုလ်က ဖိနပ်ကိုခိုး သွားဦးတော့ မပြောတော့ဘူး၊ လူကို အသိ မခံဘူး၊ ဘယ်လိုကြောင့် အသိ မခံသလဲ၊ ဩော် ဒီလူဖိနပ်ပျောက်တာ ဟိုတုန်းက သူ ခိုးခဲ့တာ ဆိုတာ ပရိသတ်က သိမှာကိုး။ ဒါကြောင့် ပရိသတ်ကို အသိ မပေးတော့၊ သူ့ဟာနဲ့ သူ ပြီးနေတော့တာ။

ကိုယ့်မျက်နှာကို ကြည့်ချင်ရင် မှန်နဲ့ ကြည့်ရတယ်၊ မှန်နဲ့ ကြည့်မှ မျက်နှာ မြင်တယ်၊ မှန် မပါဘဲနဲ့ မျက်နှာ မြင်ရပါ့မလား။ မှန်ထောင်ကြည့်။ ကိုယ့်မျက်နှာတွေ မြင်ရတယ်နော်။ အခုလည်း ဖိနပ် ပျောက်တယ်ဆိုတာ မှန်ထောင် ကြည့်သလို ကိုယ်ခိုးခဲ့တာ ပေါ်ကုန် တော့တာဗျား၊ ကဲ စဉ်းစားဖို့ မကောင်းလား။ ဘယ်သူ့မှ အသိမပေးဘူး ကိုယ်ကလည်း ကျေနပ်သွားတော့တာ၊ အသစ် အကုသိုလ် ဖြစ်သေးရဲ့လား အဲသလိုကွဲ့။ အကြောင်း တရား ရှိတော့ အကျိုးတရား ပေါ်တာ ၊ စဉ်းစားနော်။

ကံဘက်က ဘုန်းကြီး ဟောမယ်၊ လူတွေဟာ ကံဘက်က နားမလည်ကြဘူး။ အချို့ ရန်ကုန်တို့၊ မန္တလေးတို့ ၊အချို့ မြို့ကြီးတွေမှာ သားထိုးသည်တွေ ဝက်တွေသတ်၊ ကြက်တွေ သတ် ၊နွားတွေ သတ်၊ ကျွဲတွေ သတ်လို့ ရောင်းတာတွေ  မရှိဘူးလား။ အဲဒီ လူတွေဟာ ကုသိုလ်လား အကုသိုလ် လား။ အကုသိုလ်ဟာ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား၊ ဆင်းရဲတယ်နော်၊ ဘုရားက လည်း ဆင်းရဲတယ်လို့ ဟောတယ်။ သူတို့ ဝတ်တာတွေ ကြည့်စမ်း၊ မျက်နှာ ကြည့်လိုက်။ စိန်တွဲလွဲ

https://www.thitsarparamisociety.com/

စိန်တွဲလွဲ၊ လည်ပင်းကြည့်လိုက် ရွှေတွဲလွဲ၊ လက်ကို ကြည့်လိုက် ။ လက်ကောက်တွေ ပြည့်နေတာ ကြားလား၊ ကားက သုံးစီး။ မနက် ကို တစ်စင်း၊ နေ့လည် တစ်စင်း၊ ညနေ တစ်စင်း လဲစီးတာ၊ တိုက်က သုံးလုံး၊ ချမ်းသာ တယ်ကွာ မပြောကြဘူးလား။

ကဲ သူတို့ လုပ်တာက အကုသိုလ်၊ အကုသိုလ်ဟာ ဘယ်နှယ့်ကြောင့် ချမ်းသာသလဲ။ ဘုရား က ဆင်းရဲတယ်လို့ မဟောဘူးလား၊ ဘာကြောင့် (ဆင်းရဲတယ်) ချမ်းသာသလဲ စဉ်းစားဖို့ မကောင်းလား။ အကုသိုလ် လုပ်ပြီးတော့ ချမ်းသာတာ ဘာကြောင့်လဲ စဉ်းစား။ ဟို အတိတ် ဘဝတုန်းက သူတို့လှူခဲ့တဲ့ ဒါန၊ ထိန်းသိမ်းခဲ့တဲ့ သီလ၊အဲဒီ ကုသိုလ်ကံက ဟိုတုန်း အကျိုး ပေးခွင့်မရ အခုမှ အကျိုး ပေးတာဗျား။ အကျိုး ပေးနေတော့တာ၊ ကဲ အကျိုး ပေးတော့ စားဝတ်နေရေး ပြေမနေဘူးလား။ အဲဒီကုသိုလ် အကျိုးပေးတွေက နှစ်ပေါင်း နှစ်ဆယ်နော် ။ လုပ်တာက အကုသိုလ်၊ စားဝတ်နေရေး ပြေတာ အတိတ်က ကုသိုလ်၊

နှစ်ပေါင်း နှစ်ဆယ် စေ့တဲ့အခါ ဟော အကျိုးပေး ကုသိုလ်က ကုန်သွားပြီ။ ဝက်က အရင့် သေ၊ နွားက အရင့်သေ၊ ကြွက အရင့်သေ၊ ရောင်းတဲ့ အသားငါးက အကြွေး၊ ကြာတော့ ရင်းစရာ မရှိ၊ ကားကို ဖြုတ်ရတယ်၊ တိုက်ကို ဖြုတ်ရတယ်၊ ကြာတော့ လက်ဝတ် လက်စား ဖြုတ်ရတယ်။ နောက်တော့ ရင်းစရာက မရှိ၊ နေစရာက မရှိ ဇရပ်ကြို ဇရပ်ကြား တိုက်ကြို တိုက်ကြား နေရတာ။ သေတဲ့အခါ အပါယ်က လွတ်ပါ့မလား။ ကဲကြည့်။ အဲဒါ အကုသိုလ် လုပ်ရင်းနဲ့ စားဝတ်နေရေး ပြေလည်တာ ကုသိုလ်က လှည့်တာ ယုံကြည်ဖို့ မကောင်းလား။ အလုပ်က အကုသိုလ်၊ စားဝတ်နေရေး ပြေတာ အတိတ်က ကုသိုလ်။

တစ်ယောက်သော ပုဂ္ဂိုလ်က ဆရာကောင်း သမားကောင်းရဲ့ အဆုံးအမကို ရတယ်၊ ဆရာ ကောင်း သမားကောင်း ။ အိပ်ယာက နိုးတဲ့အချိန်ကစ အိပ်ယာ ဝင်သည်အထိ ငါးပါးသီလ မပေါက် မကြား မကျိုး မပေါက်အောင် ထိန်းသိမ်းတယ်။ အဲလို အိပ်ယာနိုးက အိပ်ယာ ဝင်သည် အထိ ငါးပါးသီလ ထိန်းသိမ်းတာ အကုသိုလ်လား ကုသိုလ်လား၊ ကုသိုလ်နော်။ စားဝတ်နေရေး မပြေဘူး သူ့မှာဖြင့်၊ ကုသိုလ်က ချမ်းသာတယ်လို့ မဟောဘူးလား၊ ကုသိုလ်က ချမ်းသာတယ်လို့ ဟောတာ ဘယ်နှယ့်ကြောင့် ဆင်းရဲတာလဲ ကွဲ့၊ ကုသိုလ် လုပ်နေတာ ။ ကုသိုလ် လုပ်နေတာ--ဆင်းရဲ နေတယ် စားဝတ်နေရေး မပြေဘူး။

ကံ-ကံရဲ့အကျိုးကို ယုံကြည်တဲ့ အတွက် စားဝတ်နေရေး မပြေပြားသော်လည်း တံငါမုဆိုး လုပ်စားမယ်လို့ ဖောက်ပြန်သေးရဲ့လား၊ သူခိုး တောက်ပြား လုပ်စားမယ်လို့ ဖောက်ပြန်သေးရဲ့လား၊ ကုသိုလ် နဲ့ အကုသိုလ် ယုံတာနော်။ ကံကို ယုံတဲ့အတွက် အသစ် အကုသိုလ် ဖြစ် သေးရဲ့လား။ အဲဒီ အကုသိုလ်က နှစ်ပေါင်း နှစ်ဆယ်လောက်အကျိုးပေး နေတာ ။ နေ့စဉ်နဲ့ တကွ ကုသိုလ်လုပ်တယ်၊ ယုံတယ်၊ သူလုပ်တဲ့ ကုသိုလ် ယုံတဲ့အတွက် အသစ်အကုသိုလ် ဖြစ်သေးရဲ့လား ၊ မဖြစ်တော့ဘူး၊ နှစ်ပေါင်း နှစ်ဆယ် စေ့တဲ့အခါ အကုသိုလ်က ကုန်သွား တော့တာ။ မိတ်ဆွေတစ်ယောက်က ထီတစ်စောင်။ သိန်း သုံးရာ လောက် ပေါက်လာတော့တာ ၊ ကြည့် ကုသိုလ်က လှည့်လာပြီ။

ဟိုတုန်းက သူလုပ်ခဲ့တဲ့ အကုသိုလ်က အကျိုးပေးတော့ စားဝတ်နေရေး ပြေရဲ့လား၊ မပြေပြားသော်လည်း ကံကို ယုံတဲ့အတွက် ဘယ်လောက်ပါ ဆင်းရဲဦးတော့ ငါသူခိုး ခိုးစားမယ်၊ လိမ်စားမယ်လို့ စိတ်ကူး သေးရဲ့လား ဖောက်ပြန်သေးရဲ့လား၊ မဖောက်ပြန်တော့ဘူး၊ အဲသလို ယုံဖို့မကောင်းလား။ ကံကိုယုံရမယ်။

အားကိုးရမှာက ဉာဏ်၊ ယုံကြည်ရမှာက ကံ။ ဉာဏ်ကို အားကိုးရမယ်၊ ဉာဏ်ဆိုတာ ခန္ဓာကိုသိတာ သစ္စာသိတာ၊ ပဋိစ္စသမုပ္ပါဒ်သိတာ။ မြတ်စွာဘုရားရှိစဉ်က တရားတစ်ပွဲ တစ်ပွဲမှာ သောင်းချီသိန်းချီ ကျွတ်တမ်းဝင်တာ။ လူတွေ ကျွတ်တာ၊ နတ်တွေ ကျွတ်တာ၊ ဗြဟ္မာတွေ ကျွတ်တာ ကြားဖူးကြရဲ့လား ကြားဖူးတယ်နော် ။ တရားထိုင်တာမှ မပါပါလား ကွယ် တရား နာရင်းနဲ့သာ သောတာပန် ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားကြတော့တာ။

ဥဂ္ဂသေန--- မြတ်စွာဘုရား ရှိစဉ်က ဝါးအတောင် ခြောက်ဆယ်မှာ ကနေတာ၊ ဘုရားက ဆွမ်းခံရင်းနဲ့ သတိပေး လိုက်တာ။ ခန္ဓာဘက်ကို ဉာဏ်လှည့်ဟော့၊အတိတ်ကိုစွဲတဲ့ သမုဒယ ဖြတ်ဟဲ့၊ ပစ္စုပ္ပန် စွဲတာဖြတ်၊ အနာဂတ်စွဲတာ ဖြတ်လိုက်စမ်း၊ ခန္ဓာဘက်ကို ဉာဏ်လှည့်တာ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန်းကိစ္စပြီးသွားတာ ဟော ဥဂ္ဂသေန ကဲ စဉ်းစား ဘယ်လောက်များအားရစရာကောင်းသလဲ၊ ကြားဖူးတယ်မို့လား ဥဂ္ဂသေန၊ စဉ်းစားနော်။

အင်္ဂုလိမာလကြီးက လူသတ် ယောက်ျားကြီး။ ကြားဖူးရဲ့လား။ သူ့ကို မြင် ထွက်ပြေးကြတာ လူတွေက ကြောက်လို့။ အားကလည်း ကောင်းတယ်။ ဆင်ပြောင်ငါးစီး အားရှိတယ်။ မြတ် စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ တွေ့လို့ သစ္စာတရား၊ ခန္ဓာတရား၊ ပဋိစ္စသမုပ္ပါဒ် တရားကို ကြားရ

နာရတော့ တစ်မင် တစ်ဖိုလ် ရတယ်၊ လူသတ်သေးရဲ့လား။ လူ မသတ်တော့ဘူး။ ဆက်ကြိုးစား တော့ ဒါ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမဖြစ်ဘူးလား ။ ဖြစ်သွားတယ်နော်၊ ကဲ စဉ်းစားဖို့ မကောင်းလား။ သက္ကာယဒိဋ္ဌိ ပြုတ်သွားလို့ကွဲ့၊ သူလုပ်တဲ့ အကုသိုလ်တွေဟာ အကျိုးပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံဖြစ်သွားတာ။

သိရီဓမ္မာသောက မင်းကြီးက လှူလိုက်တဲ့ကိစ္စ။ ရေတွင်းပေါင်း ရှစ်သောင်း လေးထောင်၊ ရေကန် ပေါင်း ရှစ်သောင်း လေး ထောင်၊ စေတီပေါင်း ရှစ်သောင်း လေးထောင်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ် သောင်း လေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်း လေးထောင်၊ သိရီဓမ္မာသောက မင်း ကဲ့သို့ လှူနိုင်တဲ့ ပုဂ္ဂိုလ်များ ရှိရဲ့လား ရှိဘူး။ သေတဲ့အခါ စပါးကြီးမြွေ ဖြစ်တယ်၊ စပါးကြီး မြွေဖြစ်တယ်- ဆိုတာ ကြားဖူးရဲ့လား။ ဘယ့်နယ့်ကြောင့် လဲကွာ ဒီလောက်လှူတာ ကြီးဟာ။ ဟင် စဉ်းစားဖို့ မကောင်းလား ။ သက္ကာယဒိဋ္ဌိ မပြုတ်လို့။

အင်္ဂုလိမာလကြီးက ငရဲသွားမှာ။ ဘုရားနဲ့တွေ့တော့ သစ္စာသိတော့ ဒိဋ္ဌိ မပြုတ်ဘူးလား။ ကြိုးစားတော့ သောတာပန် ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ မဖြစ်ဘူးလား။ အဲဒါ လိုတာ ယုံကြည် ဖို့ မကောင်းလား။ သိရီဓမ္မာသောက မင်းကြီး ဘာ့ကြောင့် ကျတာလဲ။ သူလှူခဲ့တဲ့ ဒါနကိုလည်း သတိမရ၊ ထိန်းသိမ်းခဲ့တဲ့ သီလလည်း သတိမရ၊ သေခါနီးဆဲဆဲမှာ ငါ ဇောဓိပင် ရှစ်သောင်း လေးထောင် စိုက်တာ၊ အဲဒါ အနှောင့်အယှက်တွေ များတယ်လို့ အဲဒီစိတ်ကလေးကို သွား တွေး ချေတာ၊ အဲဒီစိတ်လေး တွေးတဲ့အခါမှာ ဝိညာဏ်က ချုပ်သွား တော့တာ ဗျား။ ကဲ သူ လှူတဲ့ဒါနကို သာ သတိရရင် နတ်ပြည်မှာ နံပါတ်တစ် ဖြစ်မှာပေါ့ကွ၊ သီလတွေကလည်း ရှိပေတယ်-နော်၊ မောဟ ဦးစီးလို့ ဖြစ်သွားတာ၊

သို့မို့လို့ သားတော် မဟိန္ဒ၊ သမီးတော် သံဃမိတ္တာက ရဟန္တာတွေ။ အနားကိုသွား သတိပေးတယ်။ မြွေဖြစ်ပြား သော်လည်း လူစိတ်က မပျောက်သေး၊ ဖခမည်းတော်၊ သတ္တဝါတွေ ဖမ်းမယ်၊ သတ် မယ်၊ မျိုမယ် စားမယ်ဆိုရင်တော့ကာ၊ ငရဲ သွားတော့မှာ၊ ငါတို့ မတတ်နိုင်တော့ဘူး ကြားလား၊ ငရဲ သွားခါ မတတ်နိုင်တော့ဘူး။ သတ္တဝါတွေ စားမယ်၊ သောက်မယ် လူ့စိတ်က မပျောက်သေးတော့ သတိရတာပေါ့၊ အစာပြတ်ပြီးတော့ သေသွားတော့တာ၊ သေတော့ခါ ကုသိုလ်စိတ်နဲ့ ဖြစ်တော့ နတ်ပြည်မှာ သွားဖြစ်တယ်။ ခုနစ်ရက်လောက် စပါးကြီးမြွေ ဖြစ်ရသေးတော့ ကြောက်စရာ မကောင်းဘူးလား၊ အေး လေ့လာကြ။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ အင်္ဂုလိမာလကြီးတို့တော့ ရဟန္တာသာ

ဖြစ်သွားလေတော့တာ ကွာ။ အဲလို စိစစ်ဖို့ မကောင်း လား။ သိတဲ့အချိန် ပယ်တာ၊ မသိခင် မပယ်နိုင်ဘူးပေါ့။

အခုလည်း ကိုယ်ပွေ့ခဲ့တာ၊ ညစ်ပတ်တာတွေ၊ ကမ္ဘာလဆန်း တစ်ရက်နေ့ ကစ ကိုယ် ညစ်ပတ်ခဲ့တာတွေ အများကြီးပေါ့။ ကုသိုလ်နဲ့ အကုသိုလ် လူတစ်ယောက်မှာ အိပ်ယာနိုးတဲ့ အချိန်က အိပ်ယာဝင်သည် အထိ ကုသိုလ်နဲ့ အကုသိုလ် ဘယ်က များမလဲ၊ အကုသိုလ်များ တယ်နော်။ တစ်ရက်မှာ အကုသိုလ် များရင်၊ တစ်လတော့ ပိုမများဘူးလား၊ တစ်နှစ်ဆိုတော့ ကာ အများကြီးနော်။ ကမ္ဘာနဲ့ တွက်ခါ ရေနိုင်ပါ့မလား။ ဟာ အဲသည်ပုဂ္ဂိုလ်တွေဟာ လူ ဖြစ်ဖို့ လွယ်ပါ့မလား ပေါ့။ အကုသိုလ်က သိပ်များတာ။

မြတ်စွာဘုရားရှိစဉ်က ညီတော်အာနန္ဒာက လျှောက်တယ်၊ နောင်တော်ဘုရား လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါမှာ ရှိတဲ့ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာ များသလဲလို့ မလျှောက်ဘူးလား။ ညီတော် အာနန္ဒာ လူ့အရိယာ၊ နတ်အရိယာ၊ ဗြဟ္မာအရိယာ ချန်ထား၊ လူ့အန္ဓ၊ နတ်အန္ဓ ၊ဗြဟ္မာ အန္ဓ မှာရှိတဲ့ ကုသိုလ်တရားက ငါဘုရား လက်သည်းပေါ်မှာ တင်တဲ့ မြူမှုန့် ပမာဏ တဲ့၊ သူ့ လက်သည်းပေါ်မှာ တင်တဲ့ မြေကြီးပဲ၊ မြူမှုန်လေးပဲ ရှိတယ်၊ အကုသိုလ် တရားက ကမ္ဘာ ပထဝီ မြေကြီးနဲ့အမျှတဲ့ ဗျား ၊ ကဲ လွယ်ပါ့မလား ပေါ့၊ အဲသလောက်ထိ အကုသိုလ် များတယ်။ လူဖြစ်ဖို့ ဒါကြောင့်မို့ လူ့အဖြစ်က အင်မတန် နည်းတယ်၊ တိရစ္ဆာန် အဖြစ်က များတယ်၊ ငရဲမှာ များတယ်၊ ကြောက်စရာ မကောင်းဘူး လား၊ ယုံကြည်ဖို့ လိုတယ်နော်၊

သစ္စာသိမှ စိတ်ချရတယ်၊ ခန္ဓာသိမှ စိတ်ချရတယ်၊ ပဋိစ္စသမုပ္ပါဒ်သိမှ စိတ်ချရတယ်။ တရား ထိုင်တယ်၊ ဘာကြောင့် တရားထိုင်တာလဲ မေးရင် ဘယ်လို ပြောမလဲ ၊ ဟင် တရား ထိုင်တာ ဘာလို့ ထိုင်တာလဲ၊ ဟင် တရား ထိုင်တယ် ဆိုတာ သစ္စာ သိချင်လို့၊ ခန္ဓာ သိချင်လို့ တရား ထိုင်တာ၊ ခန္ဓာ မသိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား။

တရား ထိုင်မယ်လို့ မပြောကြဘူးလား၊ လူ ထိုင်မယ်လို့ ပြောသလား တရား ထိုင်မယ်လို့ ပြောသလား ။ လူ ထိုင်မယ်လို့ ပြောတာ။ ဘာကြောင့် မပြောတာလဲ၊ လူထိုင်မယ်လို့။ အင် ဘာဖြစ်လို့ မပြောတာလဲ ။လူ… မရှိလို့ဗျား ၊ လူရှိရင် လူ ထိုင်မယ် လို့ ပြောမှာပေါ့။ ဘုရားက။ လူ မရှိဘူး တရားတွေသာ ရှိတယ်။ ဘယ်တရားတွေလဲ၊ အခု ထိုင်နေတာ လူလား ဝါယောဓာတ်၊ ထောက်ကန် ဝါယော၊ ထိုင်တာ ထောက်ကန်ဝါယော၊ ရပ်တာ ထောက်ကန်ဝါယော၊ သွားတာ လာတာ လှုပ်ရှား

ဝါယောၢ လူ ဟုတ်ကဲ့လား၊ ဝါယောဓာတ်။ တရား ပျောက်တော့ ကိုယ်မှာရှာ၊ ကိုယ်မှာ ရှာတော့ တရား တွေ့တယ် မဟောဘူးလား။ ဝါယောဓာတ်၊ သိတာ လေးက ကာယဝိညာဏ် နာမ်တရား၊ ဝါယောက ရုပ်တရား၊ နာမ်ရုပ် နှစ်ပါးပေါ့ ၊ စဉ်းစားဖို့ မကောင်းလား။ ကဲ လူလား နာမ်နဲ့ရုပ်၊ အဲဒါ သိအောင်လို့ တရား ထိုင်ရတာ ကြားလား အဲလို စိစစ်ဖို့ မကောင်းဘူးလား။ လေ့လာ လေ့လာ၊ ဒါ အရေးကြီးတယ် ထိထိမိမိ သဘော ပေါက်ဖို့ လိုတယ်။

အခု တရား ထိုင်တယ် ရုပ်ကိုလည်း မသိ၊ နာမ်ကိုလည်း မသိ၊ ပညတ် ပရမတ်လည်း ပိုင်းခြားတဲ့ ဉာဏ်က မရှိ၊ ဆန်ကုန် မြေလေးပေါ့။ သွားခြင်း ၊ရပ်ခြင်း ၊ထိုင်ခြင်း ၊လျောင်းခြင်း ဘုရား မဟောဘူး လား၊ ဣရိယာပထ လေးပါး၊ ရပ်တယ်ဆိုတာ ခန္ဓာသိဖို့၊ သွားတယ် ဆိုတာ ခန္ဓာသိဖို့၊ လျောင်း တယ် ဆိုတာ ခန္ဓာသိဖို့၊ ထိုင်တယ်ဆိုတာ ခန္ဓာသိဖို့။ ကဲ ထိုင်တဲ့ အခါ ခန္ဓာ ဘယ်လို သိမလဲ၊ ဟင် ခန္ဓာသိဖို့ လုပ်ရတာ မရှိတာတွေ ငေးပြီးတော့ ရှာနေလို့ ဘယ် တွေ့မလဲ၊ မရှိတာ ရှာလို့ ရပ့ါမလား၊ ရှိတာကို ရှာရတာ။ အရှိနဲ့ အသိ ထပ်သွားမယ်၊ ထပ်သွားဖို့လို့ မဟောဘူးလား၊ အရှိနဲ့အသိနဲ့ ကိုက်ဖို့လိုတယ်နော်။

ကဲ စိတ်ထဲ ဉာဏ်ထဲက ထိုင်လိုက်ကြစို့၊ အင်း ကြမ်းနဲ့ တင်ပါးနဲ့ ထိမသွားဘူးလား၊ ထိ သိ သတိ လို့၊ ဟော မဟော။ ဟောတယ်နော်၊ ဒါ သတိပြုလိုက်ဖို့ မလိုဘူးလား။ သတိပြုတဲ့ အခါ ကြမ်း တွေ့ သလား၊ မာတာ တွေ့သလား၊ တင်ပါး တွေ့သလား၊ ကာယအကြည် တွေ့သလား ၊အကြည်သာ မရှိရင် ထိလို့သိပ့ါမလား၊ အကြည်၊ ကဲအကြည်ရှိလို့ သိတာနော် ၊ ထိ သိ သတိလို့ မဟောဘူးလား။ ကဲအကြည်ရှိတော့ မာတယ်လို့ သိတဲ့ စိတ်ကလေး ပေါ် မပေါ် ၊ မာတယ်လို့ သိတဲ့ စိတ်ကလေးဟာ မထိခင်က အဲဒီ မာတယ်လို့ သိတဲ့ စိတ်ကလေး ဟာ ဘယ်ဆီမှာ နေတယ်လို့ ဒကာ၊ ဒကာမတို့ လက်ညှိုးညွှန်ပြခြင်းငှာ ထိုက်ကဲ့လား။ ဟင် ဘယ်ဆီမှာ ရှိတယ်လို့ ပြောနိုင်ပ့ါမလား ၊ မပြောနိုင်ဘူး နော်။ အကောင် အထည် ဟုတ်ကဲ့ လား။ သဘောအနေနဲ့တော့ မထင်ရှားဘူးလား၊ ထင်ရှား တယ်။ မာတယ်လို့ သိတဲ့စိတ် ကလေးဟာ မတိုက်ခင်က မရှိဘူး၊ တိုက်ကာမှ ပေါ်တာ၊ ဒါကြောင့်မို့လို့ အဖြစ်တရား ဗျား၊ အရှိ တရား မဟုတ်ဘူး။

လူတွေ ယူနေကြတာက အခုဟာ အသက်ရှိတယ်၊ လိပ်ပြာရှိတယ်၊ လူရှိတယ်၊ နတ်ရှိတယ်၊ စိတ်ရှိ တယ် လို့ မယူကြဘူးလား ။ စိတ်ဆိုတာ သိတဲ့စိတ်က မရှိဘူး။ သိတတ်တဲ့ စိတ်ဟာ ရှိတာမှ မဟုတ်ဘဲ၊ သိတဲ့စိတ်မရှိရင် ဘာနဲ့နေတာလဲ ဘုရား။ သိတဲ့စိတ်နဲ့ နေတာပါလို့ ပြောရမှာမို့ သိတဲ့ စိတ်က မရှိဘူးဗျား။ ဘယ်စိတ်တွေ ရှိတာလဲ။ ဘဝင်၊ မနောအကြည် ဘဝင်စိတ်ပင်တည်း။ ခန္ဓာ

ကိုယ် မပုပ်အောင် မသိုးအောင် စောင့်ရှောက်တာ ဘဝင်စိတ်၊ အိပ်နေတဲ့ စိတ်၊ အိပ်ပျော်တဲ့ စိတ်၊ ဒါ ဘဝင်စိတ်လို့ မပြောဘူးလား၊ သိတဲ့စိတ် ဟုတ်ကဲ့ လား၊ အဲဒီ သိတဲ့စိတ်က မရှိဘူး၊ နှစ်ခု ထိမှ သိတာ၊ မြင်ကာမှ သိတာ၊ကြားကာမှ သိတာ၊ နံကာမှ သိတာ၊ စားကာမှ သိတာ၊ ထိကာမှ သိတာ၊ တွေးကာမှ သိတာ၊ ပြော ရှိနှင့်တာ မဟုတ်ဘူး။

လူတစ်ယောက်က ဟိုလူကို သတ်မလို့ လာတာ၊ အိပ်ပျော်နေတယ်၊ ဓားနဲ့ ခုတ်သတ်ရင် ဒါ သေတော့မှာ ၊ မသေဘူးလား၊ စိတ်သာ သိတဲ့စိတ်သာ ရှိရင် ထပြေးမှာပေါ့ ငါ့လုပ်မှာ မင်း ငါ့ ဘာ ထင်လဲ လုပ်မှာပေါ့။ ကဲ သိတဲ့စိတ်ရှိရဲ့လား၊ သတ် တော့ ခံရတော့မှာပါ၊ ကဲ သိတဲ့စိတ် ဟုတ်ကဲ့ လား၊ မဟုတ်ဘူး။ ဒါ အဖြစ်တရား၊ နှစ်ခုတိုက်မှ သိတဲ့စိတ်ပေါ်တာ၊

ကြမ်းနဲ့ တင်ပါးနဲ့ ထိတဲ့အခါ သိတဲ့စိတ်ကလေး မပေါ်လား။ ပေါ်တဲ့အခါ သတိလို့ မပြောဘူး လား။ သတိပြုတဲ့အခါ ကြမ်းလား၊ မာတဲ့သဘော၊ တင်ပါးလား ကာယအကြည်လား၊ ကာယ အကြည်။ အကြည်ရှိလို့ သိတာပေါ့။ အဲဒါ တစ်ဝိညာဏ်တည်း ထိလို့ သိလို့ ဖြစ်ကဲ့ လား။ မဖြစ်ရင် သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ၊သညာ၊ စေတနာ မပါလား ။ မာတယ်လို့ ခံစားတာ လူလား၊ ဝေဒနာ လား၊ နတ်လား၊ ဝေဒနာလား၊ ပြဟ္မာလား၊ ဝေဒနာလား၊ သူတွေ ငါတွေလား ၊ဝေဒနာ လား။ မာတယ်လို့ မှတ်တာ သူ၊ငါလား၊ သညာလား၊ ခံစားနိုင်အောင် စေ့ဆော်တာ၊ မှတ်နိုင်အောင် စေ့ဆော်တာ သူငါ လား စေတနာလား၊ ဝေဒနာ၊ သညာ၊ စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား။ ဤလေးပါး ပြည့်စုံမှ ထိသိစိတ် ဖြစ်တာ ၊ ကြားလား၊ အဲလို စဉ်းစားဖို့ မကောင်းလား။ အလိုလို ဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ နာမက္ခန္ဓာ လေးပါးနော်။

ကဲ ကာယအကြည်ကား လူဟုတ်ကဲ့လား၊ မာဆိုတာကား ကြမ်း ဟုတ်ကဲ့လား၊ မာသဘော ပေါ့ ပထဝီဓာတ် ပေါ့-နော် ၊ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း။ -----။ တရားထိုင်လို့ သိတာ။ တရား ထိုင်လို့ သိတာ၊ အခု ထိုင်တာ တစ်ရက် ထိုင်လို့လည်း မတွေ့၊ တစ်လ ထိုင်လို့လည်း မပေါ်၊ တစ်နှစ် ကြာတော့လည်း မတွေ့၊ မရှိ တာ ရှာတာ၊ ဒါကြောင့်မို့လို့ ဆရာကောင်းလိုတယ်။

ဥပတိဿ ကောလိတ

ဥပတိဿတို့ ကောလိတတို့ ဆိုတာ---။(ဓမ္မပဒ-၄-၁-၅၆) ဥပတိဿက အရှင်သာရိပုတ္တရာ အလောင်း၊ ကောလိတက အရှင်မောဂ္ဂလာန် အလောင်း၊ သိဥ္စည်း ဆရာတော်ဆီမှာ သွား တရား ထိုင်တာ၊ ခြောက်နှစ် ကြာတယ် ဒိဋ္ဌိ မပြုတ်ဘူး။ ဘာမှ အသိဉာဏ် မထူးတာနဲ့ အားထုတ်တဲ့ သူငယ်ချင်းတွေ ဆွေးနွေး ကြည့်တယ်၊ ယောဂီတွေ ဆွေးနွေးကြည့်တော့ သူ တို့ သိတာထက် မပို၊ ကိုယ့်ဆရာ ကိုယ်တိုင် ဆရာကိုယ်တိုင်က သိပုံမကျဘူး။ ကဲ ဆရာ ပြောင်းမယ်၊ ခွင့်တောင်း၊ ဆရာ ပြောင်းကြတာ။ ခြောက်နှစ် နေတာ အင်မတန် ဉာဏ် ထက်တဲ့ ပုဂ္ဂိုလ်တွေ လှုပ်လှုပ်ကို မရှိဘူး။ နောက် စဉ်းစားကာမှ ကိုယ့်ဆရာကြီး ကိုယ်တိုင် က တရား သိပုံ မကြဘူး။

အဲဒါနဲ့ ပြန်လာခဲ့တဲ့အခါ ရာဇဂြိုလ်မြို့ ဝင်တဲ့အခါ ပဥ္စဝဂ္ဂီ ငါးဦး အရှင်ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ် အငယ်ဆုံး အရှင်အဿဇိရဲ့ ဆွမ်းခံအလှည့်။ တစ်ပါး ဆွမ်းခံရင် ဘုရားပါ ခြောက်ပါး စားလောက်တယ်။ တရားဟောလည်း မပျက်၊ တရားနာလည်း မပျက်၊ ဆွမ်းခံ လည်း မပျက်၊ အရှင်အဿဇိရဲ့ ဣန္ဒြေ၊ သိက္ခာကြည့်ပြီးကာမှ အင်း ဒီပုဂ္ဂိုလ်ဟာ တရား ဝမ်းထဲမှာ တရားရှိပုံ ကြတယ်၊ ငါမေးရင် ကောင်းမလား၊ မမေးရင် ကောင်းမလား၊ ငါ မေးနေ တာနဲ့ ဆွမ်းခံနောက်ကြလို့ ငါ့အပြစ်များ ဖြစ်မလား၊ မမေးရဲဘူး၊ သူ့နောက်ကို လိုက်သွား တယ်။ မြို့ထဲဝင်လို့ ဆွမ်းခံတာ၊ နောက်က တကောက် ကောက်လိုက်။

ဆွမ်းရလို့ မြို့က ထွက်ကာမှ မြို့ပြင်ရောက်တဲ့အခါ နှစ်ဖာလုံလောက် အကွာမှာ။ ရပ်ပါဦး ဘုရား၊ ရပ်ပါဦး အရှင်ဘုရားကို မြို့မဝင်ခင်ကတည်းက တပည့်တော် အရှင်ဘုရားရဲ့ ဣန္ဒြေကို ကြည့်တာ နဲ့ ဝမ်းထဲမှာ တရားရှိတယ်လို့ တပည့်တော် ယူဆတယ်၊ အရှင်ဘုရား ဘယ်တရားတွေများ လေ့လာသလဲ။ ခန္ဓာကို လေ့လာတယ်၊ အာယတနကို လေ့လာတယ်၊ ဓာတ်ကို လေ့လာတယ်၊ သစ္စာကို လေ့လာတယ်၊ ပဋိစ္စသမုပ္ပါဒ် တရားတွေ လေ့လာတယ်။ အရှင်ဘုရားရဲ့ဆရာက ဘယ်သူ လဲ၊ အဖ ဂေါတမ မြတ်စွာဘုရား၊ ဆရာက ဘုရား ဖြစ်နေပြီ နော်။

အဲလိုဆိုတော့ တပည့်တော် တရားလေး နာစမ်းပါရစေ ဘုရား၊ ဟောပေးစမ်းပါ။ ငါ့ရှင်၊ ငါ ရဟန်း ကိစ္စပြီးတာ ဒီနေ့မှ ခုနစ် ရက်မြောက်သွားပြီ၊ ခုနစ်ရက် ရှိသေးတယ် ရဟန်း ကိစ္စပြီးပြီ၊ အကျယ် ငါ မဟော နိုင်ဘူး တဲ့။ သူ့ကိစ္စတော့ ပြီးပြီနော်။ အကျယ် ငါ မဟောနိုင်ဘူး၊ အရှင်ဘုရား၊ သုတ်တို့ ဗျည်းတို့၊ သဒ္ဒါတို့ တပည့်တော် မလိုဘူး ၊အနက်တစ်လုံး ထင်မယ်ဆို ရင် အကျဉ်းကိုပဲ ဟော ဟော၊ အကျယ်ကိုပဲ ဟောဟောတဲ့။ အနက်တစ်လုံး ထင်ဖို့လိုတယ်၊ တပည့်တော်သိဖို့လိုတယ်တဲ့။ အဲဒီအခါကျမှ အရှင် အဿဇိက ဟောတယ်။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ သူ့ဂါထာ ဂါထာ။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ၊

တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။(အပ-၁-၂၇)

အရှင် အဿဇိ ဟောတာ ဂါထာ မဆုံးဘူး။ ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ အရှင်ဘုရား ရပ်တော့ မောလိမ့်မယ်တဲ့၊ တပည့်တော် အကုန်လုံး သိပြီတဲ့။ ဟောတဲ့ပုဂ္ဂိုလ်နဲ့ နာတဲ့ပုဂ္ဂိုလ် နှစ်မိနစ်ကွဲ့။ နှစ်မိနစ်၊ အရှင်ဘုရား မောလိမ့်မယ်တဲ့၊ ဂါထာ မဆုံးဘူး၊ တော်တော့တဲ့၊ ဟောတဲ့ပုဂ္ဂိုလ်က ဒီလို ရပ်နေရတော့တာ ကြားလား။ နှစ်မိနစ်မှာ သောတာပန်တည်တာ၊

သိဉ္စည်းဆရာ ဆီမှာ ခြောက်နှစ်ကြာသွားတာ လှုပ်လှုပ်မရှိဘူး။ ဆရာများတော့ တွေ့ရဲ့လား၊ တွေ့ဘူး။ အရှိနဲ့ အသိနဲ့ ထပ်သွားဖို့လိုတာ၊ မလိုဘူးလား။ တရားပျောက်တော့ ကိုယ်မှာရှာ၊ ကိုယ်မှာ ရှာတော့ တရားတွေ့တယ်၊ အဲဒါလိုတယ်၊ စဉ်းစား။ နာရီကတော့ ငါး မိနစ်၊ ခြောက် မိနစ်လွန်သွားပြီ။ စဉ်းစားစရာ ဘုန်းကြီးပြောမယ်။

<u>ချစ်မုန်းမပါ လင်ကွာ မယားကွာ။</u>

အမျိုးသမီးလေးနဲ့ အမျိုးသားလေး ဘဝရေစက်ဆုံလို့ လင်မယား ဖြစ်သွားတယ်။ လေး ငါး ခြောက် နှစ် ခုနစ်နှစ် ကြာတော့ သားသမီးက လေးငါးယောက်လောက် ရ၊ သားသမီး မရခင်က တော့ ချစ်တုန်း ခင်တုန်း တစ်ပြုံးပြုံး၊ သားသမီးက လေး ငါး ယောက်ရတော့ စားဝတ် နေရေး က မပြေ ၊စားဝတ် နေ ရေးက မပြေတော့ လင်မယားက ပျစ်တောက်၊ ပျစ်တောက်နဲ့ ရန် တွေ့တော့တာ၊ ရန်တွေ့တော့ တော်ကြာတော့ကော ကွဲကြတော့တာ။ အဲဒါ လင်မယား ရန် တွေ့လို့ ကွဲတာ၊ ချစ်လို့လား မုန်းလို့ လား၊ အမ် ချစ်လို့လား မုန်းလို့လား။ မုန်းလို့ ကွာတာ။ သုံးလလောက် ကြာသွားပြီ ကွဲတာ။

အဲဒီအခါ မိန်းမဘက်က ဆွေမျိုး၊ ယောကျ်ားဘက်က ဆွေမျိုး အပေါင်း အသင်းတွေ၊ မင်းတို့ ရန်တွေ့တာ ဘယ်နှစ်ခါ ရှိပြီလဲကွဲ့၊ သူ့ဘက် ငါ့ဘက် စေ့စပ်ကြတာ၊ အခုတစ်ခါပါ တစ်ခါ တော့ သည်းခံဦးမှပါ့ကွယ်၊ ငါတို့မှာ လေးခါ ရှိပြီ၊ရန်တွေ့တာ၊ ခုမှ နေသားကျသွားတာ၊ ငါတို့မှာ လေးခါ ရှိပြီ ခုမှ နေသားကျသွားတာ၊အဲ တစ်ခါ တစ်လေတော့ သည်းခံဦးမှပါ့၊ မင်းတို့ ထွင်းစားတဲ့အခါ လျှာနဲ့ သွား မကိုက်မိဘူးလား၊ ကိုက်မိတယ်၊ ဘာဖြစ်လို့ ကိုက်တာ လဲ၊ မတော်လို့ ကိုက်မိတာ၊

https://www.thitsarparamisociety.com/

အခုလည်း မတော်လို့ ဖြစ်တာတော့ သည်းခံဦးမှ၊ အဲလိုပြန်ပြီး တော့ ရေလည်တော့ ပြန်မပေါင်းမိဘူးလား ၊ ပေါင်းမိတယ်နော်။

အဲဒီ အမျိုးသမီးနဲ့ အမျိုးသားမှာ မုန်းစရာပါရင် ပြန်စေ့စပ်လို့ ရပ့ါမလား။ မုန်းစရာ မပါဘူးကွဲ့၊ စေ့စပ်လို့ ရတာ မုန်းစရာ မပါလို့၊ မုန်းစရာပါရင် ဘယ်တော့မှစေ့စပ်လို့မရဘူး၊ ရပ့ါမလား။ အမျိုးသမီးနဲ့ အမျိုးသားမှာ ချစ်စရာပါရင်ကော ရန်တွေ့ ပါတော့မလား၊ ချစ်စရာပါ ရန်တွေ့ ပ့ါမလား၊ မတွေ့ဘူး၊ ချစ်စရာ မပါတာ ယုံကြည်၊ မုန်းစရာမပါတာ ယုံကြည်ဖို့ မလိုဘူး လား။ ကဲ အခု ရန်တွေ့တာ အချင်းချင်း အဆင်မပြေတာတွေ ဟာ ဘယ်ပေါ်မှာဖြစ်တာလဲ ၊ စိစစ်ဖို့ မကောင်းလား။ ရုပ်တစ်လုံး၊ နာမ်တစ်လုံးကို မတွေ့ကြလို့ ပုဂ္ဂိုလ်၊ သတ္တဝါအနေနဲ့ မြင်လို့ ရန်တွေ့တာဗျား။ ရုပ်ပေါ် နာမ်ပေါ်မှာ သူ…သူ ချော်လွဲနေတာ ပုဂ္ဂိုလ်၊သတ္တဝါလို့ မြင်တာ။ ဒါကြောင့်မို့လို့ ဒေါသစိတ် ဖြစ်ရတာ၊ ပုဂ္ဂိုလ် သတ္တဝါမြင်လို့ လောဘဖြစ်တာ။ သူ့ကိုမြင်ရတာ ရေစက်နီးတယ် ဒါ လောဘ ကိလေသာ။ သူ့ကို မြင်ရတာ မြင်ပြင်းကတ်တယ် ဒေါသ ကိလေသာ။ဟော အမြင်ခံ ရုပ်တရားမှာ ချစ်စရာ မုန်းစရာ မပါဘူး။ နာမ်ထဲမှာလည်း မပါဘူး၊ အဲဒါ ချစ်စရာ မပါတာ မုန်းစရာ မပါတာ ယုံကြည်ရဲ့လား။ ယုံကြည် သလား၊ ချစ်စရာ မပါဘူးနော် မုန်းစရာ မပါဘူး၊ ယုံကြည်ရဲ့လား။

ယုံကြည်ရင် မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါ်မှာ ဟော ချစ်ခြင်း မုန်းခြင်း လွတ်တယ်။ အဲလို ရှေးက အဲလိုမြင်တဲ့ အတိုင်းလေးမှာ မြင်တဲ့အခါ သတိ၊ ကြားတဲ့အခါ သတိ၊ ဟော-နံတဲ့အခါ သတိ၊ စားတဲ့အခါ သတိ၊ ထိတဲ့အခါ သတိ၊ သတိ တစ်လုံး ရှေ့က ထား သွားတော့ သတိ+ပညာ။ သတိက ထားသွားတော့ နာမ်နဲ့ရုပ်ပဲ တွေ့တယ်၊ နာမ်ရုပ်ကို တွေ့တဲ့ အခါ သမာဓိမင်္ဂ၊ (ဘယ်က) ဘယ်မင်္ဂလဲ၊ အဲဒီ သမာဓိရ သမာဓိ ကောင်းသွားပြီလို့ မပြောရဘူး လား။ သမာဓိကောင်းတဲ့ ပုဂ္ဂိုလ်က စိတ်ဆိုးလောက် အောင် ပြောလို့ မဆိုးဘူး၊ ဝမ်းသာလောက် အောင် ပြောလို့ မသာဘူး၊ သမာဓိ ကောင်းနေတာ။ ချစ်ခြင်းမုန်းခြင်းက လည်း မပါဘဲကိုး။ သူ့ ပင်ကို အတိုင်းလေးကို သိသွားတာ သိပယ်၊ အဲလိုတွေ သိသွားတာ သမာဓိ အားကောင်းတာ၊

ဆက်ပြီးတော့ ကြိုးစား၊ သမာဓိ အားကောင်း၊ ဆက်ကြည့်တော့ကာ ရုပ်တရားကြီးကလည်း ဖောက်ပြန်ပြီးတော့ ပျက်၊ နာမ်တရားကလည်း သိပြီးတော့ ပျက်၊ဖြစ်ပျက်လို့ မဟောဘူး လား။ ဘာ သစ္စာလဲ။ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတယ်လို့ သိတဲ့ တစ်ချိန်၊ နောင် တစ်ဖန် ဒီခန္ဓာမျိုး ရချင်သေးရဲ့လား။ လက်ရှိ ခန္ဓာ မတွယ်တာဘူး၊ နောင်ခန္ဓာ တောင့်တဦးမလား

https://www.thitsarparamisociety.com/

မတောင့်တဘူး။ ကြည့် သိတဲ့ အချိန်က ခန္ဓာရတဲ့ အလုပ်ကို သူ မလုပ် တော့ဘူး ပယ်တော့တာ နော်။ သိတယ်ဆိုတာ ဒုက္ခသစ္စာလို့ သိပြီ၊

အဲဒီ ဒုက္ခသစ္စာ အပေါ်မှာ ဆရာကောင်း သမားကောင်းကို မတွေ့လို့ လူချမ်းသာလို့ နလုံးသွင်း မှားတာ၊ နတ်ချမ်းသာလို့ မှားတာ၊ ပြဟ္မာချမ်းသာလို့ နလုံးသွင်း မှားတာ။ ဒါ အဝိဇ္ဇာ လို့ ဟော မဟော၊ နလုံးသွင်း မှားတာ အဝိဇ္ဇာနော်၊ နလုံးသွင်း မှားတော့ လိုချင်တဲ့ တဏှာမလာဘူးလား၊ တဏှာလာ ဥပါဒါန်က နေပဲ့မလား။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဝဋ်အနေနဲ့ ကိလေသ ဝဋ်၊ အဲဒီ ကိလေသဝဋ်ချုပ်အောင်လို့ တရားလုပ်ရတာ။

အရှိနဲ့ အသိနဲ့ ထပ်သွားဖို့လို့ မဟောဘူးလား။ တွေ့တာက လူချမ်းသာလား ဒုက္ခသစ္စာ၊ နတ်ချမ်းသာလား ဒုက္ခသစ္စာ၊ ပြဟ္မာချမ်းသာလား ဒုက္ခသစ္စာ။ ကဲ မှန်မနေဘူးလား၊ မှန်တယ်လို့ ဒုက္ခသစ္စာ- အမှန်သိတော့ကာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာလို့ နလုံးသွင်း မှားတဲ့ အဝိဇ္ဇာ မချုပ်ဘူးလား၊ အမှား မပျောက်လား၊ အမှန်သိတော့ အမှား ပျောက်ပြီနော်။ သိတော့ ပယ်တယ်လို့ မဟောဘူးလား၊ ကဲ အဝိဇ္ဇာကား မချုပ်လား၊ တဏှာ ကား လာသေးရဲ့လား၊ ဥပါဒါန် လာသေးလား၊ သမုဒယသစ္စာ မသေလား၊ သေ--နောက်ခန္ဓာ ဘယ်က လာမလဲ၊ ဒါ ကိလေသာ ချုပ်တာ။ ကိလေသဝဋ်ချုပ် ၊ကမ္မဝဋ်ချုပ်၊ ဝိပါကဝဋ်ချုပ်၊ ဝဋ်သုံးပါး ကျွတ်တာ နိဗ္ဗာန်ဗျား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ် ကြ၊ ထိထိမိမိ သဘော ပေါက်ဖို့ လိုတယ်နော်။

တရားတစ်ပွဲ တစ်ပွဲမှာ သောင်းချီ သိန်းချီ ကျွတ်တာ မြတ်စွာဘုရား ရှိတုန်းက တမင် ထိုင်ရ တယ်လို့ မရှိဘူး ကြားလား။ အမှန်သိတာနဲ့ အမှားပျောက်တာ တရား ထိုင်ပြားသော်လည်း ခန္ဓာက ပြတာ သိအောင်လို့ ထိုင်ရတာ။ ထိုင်ကာစ သက်သက် သာသာ၊ အထိုင်ကြာတော့ မညောင်းဘူးလား၊ တစ်ခါ တစ်ခါ မကျဉ်လား၊ တစ်ခါ တစ်ခါ မအောင့်လား၊ တစ်ခါ တစ်ခါ မမူးလား၊ တစ်ခါ တစ်ခါ မယားလား၊ ဒါ ခန္ဓာကပြတာ၊ ငါများ ဟုတ်ကဲ့လား၊ မယားနဲ့ကွယ် ငါသဘောမကျဘူး ပြောရပဲ့မလား၊ ငါ ဟုတ်ကဲ့လား၊ ယားတာကွာ၊ ယားတယ် ခံပြင်းပြီ၊ ခံပြင်းတယ်ဆိုတော့ ကုသိုလ်လား အကုသိုလ်လား၊ အကုသိုလ်၊ ကဲ ကိုယ့်ဟာနဲ့ ကိုယ် အကုသိုလ် ဖြစ်နေပြီ၊ သေပါလိမ့်ကွာ ယားလိုက်တာ၊တဲ့ ဟင်။ အဲလို ကုတ်နေတာ။ ကဲ ခန္ဓာ အကျိုး အပြစ်ကို သိလို့လား မသိလို့လား၊ မသိလို့ဗျ၊ စဉ်းစားဖို့ မကောင်းလား။

https://www.thitsarparamisociety.com/

ကဲ ညောင်းတယ် ညာတယ် ကိုက်တယ် ခဲတယ်၊ ပူတယ် အေးတယ်၊ ယားတယ် ယံတယ်၊ တရား ထိုင်တာ ဒါပဲ တွေ့မယ်။ စင်စစ်ကတော့ ညောင်းတာလား ဖောက်ပြန်တာလား၊ ကျဉ်တာလား ဖောက်ပြန်တာလား၊ ကိုက်တာလား၊ ဖောက်ပြန်တာလား၊ မူးတာလား ဖောက်ပြန်တာလား၊ အောင့်တာလား၊ ဖောက်ပြန်တာလား၊ ယားတာလား ဖောက်ပြန်တာလား၊ ဖောက်ပြန်ပြီးတော့ မပျက်လား၊ သိပြီးတော့ မပျက်လား၊ ဖြစ်ပျက်လို့ မဟောလား။ ဘာ သစ္စာလဲ၊ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့ တရားလား ၊

သိတော့ ပယ်တယ်လို့ မဟောဘူးလား၊ ဆင်းရဲတယ်လို့ သိတော့ လိုချင်တဲ့ တဏှာ လာသေးရဲ့လား၊ ဥပါဒါန် လာသေးရဲ့လား၊ ကံ လာသေးရဲ့လား၊ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပျက်လား။ တဏှာ ပဋိစ္စသမုပ္ပါဒ်၊ ဥပါဒါန် ပဋိစ္စသမုပ္ပါဒ်၊ ကံ ပဋိစ္စသမုပ္ပါဒ်၊ သုံးမျိုး ပျက်တယ် နော်။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓလို့ မဟောဘူးလား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား။) သိတာက --- မဂ္ဂသစ္စာ။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ----သမုဒယသစ္စာ။ (သမုဒယသစ္စာပါဘုရား။) နောက်ခန္ဓာ မလာတာ ... (နိရောဓသစ္စာပါ ဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ် နှစ်ကွက်ရှိ...။ (လေး ကွက် ရှိပါတယ် ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား) ငါး လေးလီ (နှစ်ဆယ်) ဤ ရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း။) အေး သာဓုခေါ်။

သာဓု ......... သာဓု ......... သာဓု ။

............................................................................................................................................

ဩဝါဒ ။...။ စားသောက်ပြီး နေ့လည်၁၂နာရီခွဲကနေ ၁နာရီခွဲကို ဒီမှာ တရားထိုင်ကြ ကြားလား။ ကိုယ်ရတဲ့ ဘုရားရှိခိုး-ခိုး။ခိုးပြီးရင် တရားထိုင်၊ ၁၂နာရီခွဲက ၁နာရီခွဲ၊ ၁နာရီခွဲ စေ့တော့အခါ အားလုံးနား၊ အညောင်းညာ ဆန့်-ပြု နာရီဝက်၊၂နာရီ ထိုးတဲ့အခါ ဘုန်းကြီး တရား ဟောမယ် ကြားလား။ အေး သိဖို့ အရေးကြီးတယ်၊ သိမှ ပယ်နိုင်တယ်လို့ မဟော ဘူးလား။ အဲဒါကြောင့် ကံလမ်းဆိုတာ သိရတယ်၊ ဈာန်လမ်း သိရတယ်။ဉာဏ်လမ်း သိရ တယ်။

အခု ကံလမ်းကို လည်း မသိ၊ ဈာန်လမ်းလည်း မသိ၊ ကံလမ်းက ၃၁ဘုံက ဘယ်တော့မှ မထွက်ဘူး။ အကုသိုလ်ကံကြောင့် အပါယ်လေးရွာ၊ ကုသိုလ်ကံကြောင့် သုဂတိ ပြဟ္မာ နှစ်ဆယ်၊ အဲဒါ ပြဟ္မာ နှစ်ဆယ်က ဈာန်၊ သုဂတိ လူ့ပြည်နဲ့ နတ်ပြည်က ကံ၊ ကုသိုလ်ကံ၊ အပါယ် လေးရွာက အကုသိုလ်

https://www.thitsarparamisociety.com/

ကံ၊ ၃သဘုံက ထွက်တာက ဉာဏ်၊ အဲဒါ လူတွေ နားမလည် လို့ ခက်နေတာ ဗျား ကြားလား၊ စဉ်းစား စဉ်းစား။ အဲဒါ ကံဘက်ကလည်း ငါးပါးသီလကို ကိုယ်ဝတ်တဲ့ ထမီ+ အင်္ကျီ၊ ပုဆိုး+ အင်္ကျီ ကဲ့သို့ မြဲအောင် ဝတ်သလို ငါးပါး သီလကို လုံခြုံဖို့ လိုတယ်။ သမ္မုတိနယ်မှာ။ ဉာဏ်ဘက်က ၃သဘုံက ထွက်တာ၊ ကံလမ်းလည်း သူ့နေရာနဲ့ သူ ၊ ဉာဏ်လမ်းလည်း သူ့နေရာနဲ့ သူ၊ လိုတယ်ဗျား၊ အဲဒါ အရေးကြီးတယ်။

(ခြေထောက်နိပ်စမ်းဦး) စာအုပ်လေးတွေ ကြည့်ကြ။ စာအုပ်လေးတွေ ကြည့်ကြ၊ လေ့လာ ကြ။ စာအုပ်ကြည့်မှ ဟိုကို ဒီကို စိတ်မရောက်ဘူး။ ဝိပဿနာဉာဏ် မရဘူးထား။ စာကြည့်တဲ့ အချိန် လေးက ကုသိုလ်။

(ကမျဉ်းနီ=အဆိပ်ရှိသည့် အလွန်သေးငယ်သော ပိုးကောင်နီတမျိုး-။၁-၅)